# နည်းပညာအလုပ်သင်အဖြစ်အလုပ်လုပ်ကိုင်နေသူများသို့

厚生労働省

## နည်းပညာအလုပ်သင်ကိုဆက်လက်လုပ်ခွင့်မရသည့်အခါတွင်အသုံးပြုနိုင်သည့်နိုင်သည့်စနစ်နှင့်ပတ်သတ်၍

နည်းပညာအလုပ်သင်သည် သင်တန်းပြုလုပ်သူမှ အလုပ်ခန့်ထားခြင်းဖြစ်သည့်အတွက် ဂျပန်နိုင်ငံ၏အလုပ်သမားဆိုင်ရာ ဥပဒေအရ တရားဝင်ကာကွယ်စောင့်ရှောက်မှုကို ခံစားခွင့်ရှိပါသည်။

COVID-19ရောဂါကူးစက်ပြန့်ပွားမှုကြောင့် နည်းပညာအလုပ်သင်ကို ဆက်လက်လုပ်ခွင့်မရသည့်အခါတွင် နည်းပညာအလုပ်သင်များလည်း အောက်ပါစနစ်ကိုအသုံးပြုနိုင်သည့်အတွက် သက်ဆိုင်သူဖြစ်ဖြစ်ပါက အသုံးပြုရန်ဝန်မလေးပါနှင့်။

## အလုပ်အာမခံထုတ်ပေးခြင်း(အခြေခံခံစားခွင့်)

**အလုပ်သမားများအလုပ်လက်မဲ့ဖြစ်သည့်အခါတွင် စားဝတ်နေရေးတည်ငြိမ်စေရန် လိုအပ်သောထောက်ပံ့မှုကို ပေးမည်။**

**အလုပ်သင်ဌာနမှ ဒေဝါလီခံလိုက်ခြင်းစသည်ဖြင့် နည်းပညာအလုပ်သင်ပြုလုပ်ရန်ခဲယဉ်းပြီး အလုပ်လက်မဲ့ဖြစ်ခဲ့ပါက အခြားအလုပ်ဌာနကို ရှာဖွေတွေ့ရှိသည့်အထိ အောက်ပါအချက်အလက်အချို့နှင့် ကိုက်ညီပါက နည်းပညာအလုပ်သင်လည်း အလုပ်အာမခံထုတ်ပေးခြင်း (အခြေခံခံစားခွင့်) ကို ရယူနိုင်ပါသည်။** (ဤစနစ်သည် ဂျပန်နိုင်ငံသားနှင့် အလားတူဖြစ်ပြီး နည်းပညာအလုပ်သင်လည်းခံစားခွင့်ရှိပါသည်။)

### 1 ဟလိုးဝပ်(Hello Work)သို့ အလုပ်လျှောက်ခြင်း

အလုပ်ထွက်ပြီးနောက် အခြေခံခံစားခွင့်ကိုလက်ခံရယူရန်အတွက် ဟလိုးဝပ်သို့ အလုပ်လျှောက်ရန် လိုအပ်ပါသည်။

### 2 အလုပ်အာမခံဝင်ဖြစ်သည့်ကာလ12လနှင့်အထက်ဖြစ်ရန်လိုအပ်ခြင်း

အလုပ်မထွက်ခင်2နှစ်ကြားထဲတွင် အလုပ်အာမခံဝင်ဖြစ်ခဲ့သည့်ကာလ12လနှင့်အထက်ဖြစ်ရန် လိုအပ်ပါသည်။

သို့သော်လည်း အလုပ်သင်ဌာနမှ ဒေဝါလီခံလိုက်ခြင်း၊ လုပ်ငန်းလျှော့ချလိုက်ခြင်းကြောင့် အလုပ်လက်မဲ့ဖြစ်သွားပါက အလုပ်မထွက်ခင်1နှစ်ကြားထဲတွင် အလုပ်အာမခံဝင်ဖြစ်ခဲ့သည့်ကာလ စုစုပေါင်း6လနှင့်အထက်ဖြစ်ရန်လိုအပ်ပါသည်။

**<အလုပ်အာမခံ(အခြေခံခံစားခွင့်)လက်ခံရယူရန်လုပ်ငန်းစဉ်အဆင့်ဆင့်>**

| | |
|---|---|
| အလုပ်ထွက်ခြင်း | |
| ↓ | |
| အလုပ်လျှောက်ခြင်းနှင့် လက်ခံရယူခွင့်ရှိကြောင်းဆုံးဖြတ် | ⇐ လက်ခံရယူရန်လျှောက်မည့်ကာယကံရှင်မှ လိုအပ်သည့်စာရွက်စာတမ်းကို ဟလိုးဝပ်သို့ ယူလာပါ။ |
| ↓ | |
| အလုပ်အာမခံအားရှင်းပြခြင်း | ⇐ လက်ခံရယူခွင့်ရှိကြောင်းထောက်ခံစာစသည့်စာရွက်စာတမ်းများထုတ်ပေးမည်။ အလုပ်အာမခံလက်ခံရယူရန် လျှောက်နည်းကို ရှင်းပြမည်။ |
| ↓ | |
| စောင့်ဆိုင်းကာလပြီးဆုံးခြင်း | ⇐ လက်ခံရယူခွင့်စတင်လျှောက်ထားသည့်နေ့မှ အလုပ်လက်မဲ့အခြေအနေ 7ရက်ပြည့်သည့်အထိကို (စောင့်ဆိုင်းကာလ) ဟုခေါ် ပြီး ဤကာလတွင် အလုပ်အာမခံ ခံစားခွင့်မရှိပါ။ |
| ⇣ (ခံစားခွင့်ကန့်သတ်မှု) | ⇐ မိမိ၏ကိစ္စဖြင့် အလုပ်ထွက်ပါက စောင့်ဆိုင်းကာလ ပြီးဆုံးသည့်နောက်တနေ့မှ ထပ်မံ၍ 3လကြာ အခြေခံခံစားခွင့် ထုတ်မပေးပါ။ |
| ↓ | |
| အလုပ်လက်မဲ့ဟုသတ်မှတ်ခြင်း | ⇐ သတ်မှတ်ရက်တိုင်း (အခြေခံအားဖြင့်4ပတ်တကြိမ်) တွင် အလုပ်လက်မဲ့ဖြစ်ကြောင်း အစီရင်ခံစာကို တင်ပြပါ။ |
| ↓ | |
| အခြေခံခံစားခွင့်ထုတ်ပေးခြင်း | ⇐ အလုပ်လက်မဲ့ဟုသတ်မှတ်သည့် နေ့ရက်များအတွက် စုစုပေါင်းအခြေခံခံစားခွင့်ကို သာမာန်ဘဏ်အကောင့်သို့ ငွေလွှဲသွင်းပေးပါမည်။ |
| ↓ | |
| အခြေခံအားဖြင့်4ပတ်တကြိမ် သင့်အတွက် သတ်မှတ်ရက်ကို ညွှန်ကြားမည် | |
| ↓ / ⇣ (အလုပ်သင်ဌာနပြောင်းခြင်း) | |
| ခံစားခွင့်ထုတ်ပေးမှုပြီးဆုံးခြင်း | |

မလွဲသာဘဲ လုပ်ငန်းကိုလျှော့ချလိုက်ရသည့် ကုမ္ပဏီအား လိုအပ်ချက်အချို့နှင့် ကိုက်ညီပါက အလုပ်အကိုင်ညှိနှိုင်းထောက်ပံ့ငွေပေးသည့်စနစ်ရှိပြီး ကုမ္ပဏီမှ အလုပ်သမားကို အလုပ်နားစေသည့်အခါတွင် ၎င်းကဲ့သို့သော ထောက်ပံ့ငွေကို စိတ်ပါလက်ပါ အသုံးချပြီး အလုပ်နားစေသည့်အတွက် ခံစားခွင့်ကို ထုတ်ပေးခြင်းစသည်ဖြင့် နစ်နာမှုမရှိစေရန် ကြိုးစားရမည်ဟု တောင်းဆိုထားပါသည်။

※ ၎င်းအပြင် အလုပ်သမားအခြေခံဥပဒေပုဒ်မ26တွင် ကုမ္ပဏီမှ ၎င်းတွင်တာဝန်ရှိသည့်အကြောင်းရင်းဖြင့် အလုပ်သမားကို အလုပ်နားစေခဲ့သည့်အခါတွင် အနည်းဆုံး အလုပ်သမား၏ စားဝတ်နေရေးလုံခြုံမှုရှိစေရန် အလုပ်နားနေသည့်ကာလအတွင်း အလုပ်နားထောက်ပံ့ကြေးပေးရမည်ဟု သတ်မှတ်ထားပါသည်။

**အသေးစိတ်ကို အောက်ပါနေရာများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။**
**Homepageတွင်လည်းသက်ဆိုင်ရာသတင်းများကို တင်ပြထားပါသည်။**

**● အလုပ်အာမခံထုတ်ပေးခြင်း(အခြေခံခံစားခွင့်)နှင့်ပတ်သတ်ပြီးစုံစမ်းရန် :**
**➢ တိုင်းနှင့်ပြည်နယ်အလုပ်ရေးရာဌာနပြည်သူ့အလုပ်အကိုင်လုံခြုံရေးရုံး(ဟလိုးဝပ်)**
**https://www.mhlw.go.jp/kyujin/hwmap.html**

**● အလုပ်နားထောက်ပံ့ရေးနှင့်လုပ်ခစသည့်အလုပ်သမားခံစားခွင့်နှင့်ပတ်သတ်ပြီးစုံစမ်းရန် :**
**➢ နိုင်ငံခြားသားအလုပ်သမားလက်ခံဆွေးနွေးသည့်ဖုန်း၊ နိုင်ငံခြားသားအလုပ်သမားခံစားခွင့်လက်ခံဆွေးနွေးသည့်Hotline၊ နိုင်ငံခြားသားအလုပ်သမားလက်ခံဆွေးနွေးသည့်ကော်နာ :**
**https://www.check-roudou.mhlw.go.jp/soudan/foreigner.html**

**နိုင်ငံခြားသားနည်းပညာအလုပ်သင်တန်းကြီးကြပ်ရေးကော်မတီ မိခင်ဘာသာစကားဖြင့်ဆွေးနွေးပေးသည့် Hotline**

နိုင်ငံခြားသားနည်းပညာအလုပ်သင်တန်းကြီးကြပ်ရေးကော်မတီတွင်
- လုပ်ငန်းခွင်နှင့်နေ့စဉ်နေထိုင်မှုအတွက် စိုးရိမ်ပူပန်မှုများနှင့်မလုံခြုံမှုများခံစားရချိန်
- လုပ်ခလစာနှင့်အချိန်ပိုလုပ်ခြင်းစသည်တို့နှင့်ပတ်သတ်၍ အလုပ်သင်ဌာနတွင် ချိုးဖောက်မှုများရှိသည်ဟု ခံစားရချိန်
- မပြန်ချင်ပေမဲ့ မိမိနိုင်ငံသို့ ပြန်ခိုင်းခံရတော့မည့်အချိန်
- ဂျပန်နိုင်ငံ၏ ဥပဒေ၊ စနစ်အသီးသီးနှင့်ပတ်သတ်၍ တိုင်ပင်ဆွေးနွေးပေးသည့်နေရာ မသိသည့်အချိန်

စသည့် နည်းပညာအလုပ်သင်၏စိုးရိမ်ပူပန်မှုမျိုးစုံနှင့် ပတ်သတ်သည့် တိုင်ပင်ဆွေးနွေးမှုကို မိမိတို့၏ မိခင်ဘာသာစကားဖြင့် ဆွေးနွေးပေးပါမည်။
အသေးစိတ်ကို နိုင်ငံခြားသားနည်းပညာအလုပ်သင်တန်းကြီးကြပ်ရေးကော်မတီ၏HP（https://www.otit.go.jp）တွင်ကြည့်ရှုပါ။

**မိခင်ဘာသာစကားဖြင့်ဆွေးနွေးပေးသည့် Hotline（11:00～19:00 အခမဲ့)**

| | | |
|---|---|---|
| ・ဗီယက်နမ်ဘာသာစကား | အပတ်စဉ်-တနင်္လာမှသောကြာ | TEL : 0120-250-168 |
| ・တရုတ်ဘာသာစကား | အပတ်စဉ်-တနင်္လာ၊ဗုဒ္ဓဟူး၊သောကြာ | TEL : 0120-250-169 |
| ・အင်ဒိုနီးရှားဘာသာစကား | အပတ်စဉ်-အင်္ဂါ၊ကြာသပတေး | TEL : 0120-250-192 |
| ・ဖိလစ်ပိုင်ဘာသာစကား | အပတ်စဉ်-အင်္ဂါ၊စနေ | TEL : 0120-250-197 |
| ・အင်္ဂလိပ်ဘာသာစကား | အပတ်စဉ်-အင်္ဂါ၊စနေ | TEL : 0120-250-147 |
| ・ထိုင်းဘာသာစကား | အပတ်စဉ်-ကြာသပတေး၊စနေ | TEL : 0120-250-198 |
| ・ကမ္ဘောဒီးယားဘာသာစကား | အပတ်စဉ်-ကြာသပတေး | TEL : 0120-250-366 |
| ・မြန်မာဘာသာစကား | အပတ်စဉ်-သောကြာ | TEL : 0120-250-302 |

厚生労働省・都道府県労働局・労働基準監督署・ハローワーク 2020.5